# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
# နေ့စဉ်ဈေးကွက်သတင်းလွှာ

September 19 , 2023 | Volume 70, Number 13

၁၉.၉.၂၀၂၃

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၉၂၉ US$ |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = N/A |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၂၄၅.၁ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၅၄၀.၇ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၆၀၁.၃ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၃၅၆.၂ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၈၈.၀၄ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၅.၂၃၆ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၅၈.၄၂ကျပ် |
| မလေးရှားရင်းဂစ် | = ၄၄၇.၁၉ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၅၈.၄၂၃ ကျပ် |

Source: CBM Rate, etrademyanmar.com

## စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့် ကျန်းမာရေးဝန်ကြီးဌာနများမှ ပြည်ထောင်စုဝန်ကြီးများဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့များ ရန်ကုန်မြို့သို့ပြန်လည်ရောက်ရှိ




၂၀၂၃ ခုနှစ်၊ စက်တင်ဘာလ ၁၇ ရက်နေ့မှ ၁၉ ရက်နေ့အထိ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ကွမ်ရှီးကျွမ့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ နန်နင်းမြို့တွင် ကျင်းပပြုလုပ်ခဲ့သည့် (၂၀) ကြိမ်မြောက် တရုတ်-အာဆီယံကုန်စည်ပြပွဲနှင့် (၂၀) ကြိမ်မြောက် တရုတ်-အာဆီယံ စီးပွားရေးနှင့်ရင်းနှီးမြှုပ်နှံမှု ထိပ်သီးအစည်းအဝေး၊ (၇) ကြိမ်မြောက် တရုတ်-အာဆီယံ စိုက်ပျိုးရေးပူးပေါင်းဆောင်ရွက်မှုဖိုရမ်နှင့် သွင်းကုန်/ပို့ကုန် အစားအသောက်ဘေးကင်းရေး ပူးပေါင်းဆောင်ရွက်မှုညီလာခံများသို့ တက်ရောက်ခဲ့သည့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်၊ (၂၀) ကြိမ်မြောက် တရုတ်-အာဆီယံ ကုန်စည်ပြပွဲနှင့် (၂၀) ကြိမ်မြောက် တရုတ်-အာဆီယံ စီးပွားရေးနှင့်ရင်းနှီးမြှုပ်နှံမှု ထိပ်သီးအစည်းအဝေးများသို့ တက်ရောက်ခဲ့သည့် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦးနှင့် (၇) ကြိမ်မြောက် တရုတ်-အာဆီယံတိုင်းရင်းဆေးနှင့် ဆေးဝါးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး ပူးပေါင်းဆောင်ရွက်မှု ထိပ်သီးအစည်းအဝေးနှင့် ကျန်စုပြည်နယ် ရောဂါကာကွယ်ထိမ်းချုပ်ရေးဌာနသို့ လေ့လာရေးခရီးသွားရောက်ခဲ့သည့် ကျန်းမာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာ သက်ခိုင်ဝင်းတို့သည်

### CONTACT US

ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm

ကူမင်းမြို့မှ လေကြောင်းခရီးဖြင့်ထွက်ခွာခဲ့ရာ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ (၁၅:၁၀) နာရီအချိန်၌ ပြန်လည်ရောက်ရှိခဲ့ပါသည်။

အဆိုပါ ပြည်ထောင်စုဝန်ကြီးများနှင့် မြန်မာကိုယ်စားလှယ်အဖွဲ့အား မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံရုံးမှ သံရုံးဒုတိယအကြီးအကဲ (Minister–Counselor) ဖြစ်သူ Mr. Jia Junjie နှင့် သက်ဆိုင်ရာဝန်ကြီးဌာနများမှ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြကြောင်း သတင်းရရှိသည်။

**Source:** https://www.commerce.gov.mm/my/article/%E1%80%94%E1%80%B1%E1%80%AC%E1%

## (၂၀) ကြိမ်မြောက် တရုတ်-အာဆီယံ ကုန်စည်ပြပွဲတွင် မြန်မာနိုင်ငံမှ ဆက်လက်ပါဝင်ပြသ




တရုတ်နိုင်ငံ၊ ကွမ်ရှီးကျွမ့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ နန်နင်းမြို့တွင် (၂၀) ကြိမ်မြောက် တရုတ်-အာဆီယံကုန်စည်ပြပွဲကို ၂၀၂၃ ခုနှစ်၊ စက်တင်ဘာလ (၁၆) ရက်နေ့မှစတင်၍ ကျင်းပလျက်ရှိရာ တရုတ်နိုင်ငံနှင့် အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ ထုတ်ကုန်ပစ္စည်းများကို ပါဝင်ပြသလျက်ရှိပါသည်။ အဆိုပါကုန်စည်ပြပွဲ တတိယနေ့အဖြစ် ၂၀၂၃ ခုနှစ်၊ စက်တင်ဘာလ ၁၈ ရက်နေ့တွင်လည်း မြန်မာနိုင်ငံမှ ပြခန်းပေါင်း ၈၀ ဖြင့်ဆက်လက် ပါဝင်ပြသလျက်ရှိပါသည်။

မြန်မာကုန်စည်ပြခန်းများတွင် လယ်ယာထွက်ကုန်များဖြစ်သည့် ဆန်၊ ပဲမျိုးစုံ၊ ပြောင်း၊ နှမ်း၊ ထောပတ်သီး၊ ရေထွက်ကုန်များ၊ မြန်မာ့လက်မှုအနုပညာပစ္စည်းများ၊ အဝတ်အထည်၊ စားသောက်ကုန်များ၊ မြန်မာ့ကျောက်မျက်လက်ဝတ် ရတနာပစ္စည်းများကို စုံလင်စွာခင်းကျင်းပြသ ရောင်းချလျက်ရှိပါသည်။

အဆိုပါကုန်စည်ပြပွဲ တတိယနေ့တွင်လည်း ယခင်နေ့များနည်းတူ မြန်မာ့ထုတ်ကုန်ပစ္စည်းများကို စိတ်ပါဝင်စား၍ လာရောက် လေ့လာကြည့်ရှုသူများ၊ ကြိုက်နှစ်သက်၍ ဝယ်ယူသူများဖြင့် စည်ကားလျက်ရှိပါသည်။ နှစ်လိုဖွယ်ရာမြို့ ပြခန်းဆောင်၌လည်း မြန်မာ့ရိုးရာယဉ်ကျေးမှုအကပဒေသာများဖြင့် ဖျော်ဖြေတင်ဆက်ကပြလျက်ရှိပါကြောင်း သတင်းရရှိသည်။

**Source:** https://www.commerce.gov.mm/my/article/%E1%80%94%E1%80%B1%E1%80%AC%

## ထိုင်းဒူးရင်း ကြီးစိုးထားသည့် တရုတ်နိုင်ငံသို့ ဗီယက်နမ်ဒူးရင်း တင်ပို့မှုမြင့်တင်

၂၀၂၃ ခုနှစ် ပထမနှစ်ဝက်တွင် ဗီယက်နမ်နိုင်ငံသည် ဒူးရင်းသီးများ အမေရိကန်ဒေါ်လာ ၈၇၆ သန်းဖိုး တင်ပို့ခဲ့ပြီး ကန်ဒေါ်လာ ၈၃၅ သန်းသည် တရုတ်ပြည်သို့ တင်ပို့ခဲ့ခြင်းဖြစ်သည်။

ဒူးရင်းသည် တရုတ်နိုင်ငံ၏ လူလတ်တန်းစားများအတွက် အနှစ်သက်ဆုံး အပူပိုင်းဒေသ အရှေ့တောင်အာရှထွက် အသီးဖြစ်နေပြီး အရှေ့တောင်အာရှမှ တင်ပို့သော ဒူးရင်းသီးများတွင် ၉၉% သည် ထိုင်းနိုင်ငံမှ တင်ပို့ခြင်းဖြစ်သည်။ ဗီယက်နမ်သည် တရုတ်နိုင်ငံသို့ ကုန်ကျစရိတ်သက်သာသော နယ်စပ်တင်ပို့မှုဖြင့် ဒူးရင်းတင်ပို့မှုကို တိုးမြှင့်လျက်ရှိသည်။

လွန်ခဲ့သည့်တစ်နှစ်က ဗီယက်နမ်ဒူးရင်းတင်ပို့မှုကို တရုတ်နိုင်ငံက နယ်စပ်ဂိတ်များတွင် လွယ်ကူမြန်ဆန်အောင် စီစဉ်ပေးခဲ့ပြီးချိန်မှစ၍ ဗီယက်နမ်ဒူးရင်းတင်ပို့မှု မြင့်တက်သွားသည်။ ၂၀၂၃ ခုနှစ် ပထမနှစ်ဝက်တွင် ဗီယက်နမ်နိုင်ငံသည် ဒူးရင်းကို အမေရိကန်ဒေါ်လာ ၈၇၆ သန်းဖိုး တင်ပို့ခဲ့ရာ၌ ကန်ဒေါ်လာ ၈၃၅ သန်းဖိုးသည် တရုတ်နိုင်ငံသို့ တင်ပို့ခဲ့ခြင်း ဖြစ်သည်။

နယ်ခြားမှတစ်ဆင့် ထရပ်ကားများဖြင့် တိုက်ရိုက်တင်ပို့ခြင်းသည် ပင်လယ်ရေကြောင်းမှ သင်္ဘောဖြင့်တင်ပို့ခြင်းထက် စရိတ်စကသက်သာသည်။ သို့ဖြစ်ရာ ဗီယက်နမ်ဒူးရင်း လက်လီရောင်းဈေး သက်သာနေစေသည်။

ဗီယက်နမ်နိုင်ငံ ဟိုချီမင်းစီးတီးမှ စီးပွားရေးအကြံပေးကုမ္ပဏီ Mazars မှ Jack Nguyen က "ဗီယက်နမ်ဒူးရင်းက ဈေးနှုန်းအရ ယှဉ်ပြိုင်နိုင်စွမ်းရှိတယ်" ဟု ပြောကြားသည်။

ထိပ်တန်းဗီယက်နမ်ဒူးရင်းသည် တရုတ်နိုင်ငံတွင် တစ်ကီလိုလျှင် ၄ ဒေါ်လာဝန်းကျင်ဖြင့်ရောင်းချသည်။ အခြား အရှေ့တောင်အာရှနိုင်ငံများမှ ဒူးရင်းများကို တစ်ကီလိုလျှင် ၁၀ ဒေါ်လာနှင့်အထက်ဖြင့် ရောင်းချသည်။

**Source: SCMP**

https://www.foodindustrydirectory.com.mm/food-industry/fruits-vegetables/item/6889-durian.html

## အိန္ဒိယတွင်ကျင်းပမည့် ကမ္ဘာ့အစားအစာပြပွဲသို့ မြန်မာလုပ်ငန်းရှင်များ ပါဝင်တက်ရောက်နိုင်

အိန္ဒိယနိုင်ငံ၊ နယူးဒေလီမြို့၌ ၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလ (၃) ရက်နေ့မှ (၅) ရက်နေ့အထိ ကျင်းပပြုလုပ်မည့် ကမ္ဘာ့ အစားအစာပြပွဲ ၂၀၂၃ သို့ မြန်မာနိုင်ငံရှိ စီးပွားရေးလုပ်ငန်းရှင်များမှ ပါဝင်တက်ရောက်နိုင်ရန် ကုန်သည်စက်မှုအသင်းချုပ် (UMFCCI) က ဖိတ်ခေါ်ထားသည်။

ပြပွဲတွင် အစားအစာထုတ်လုပ်သူများ၊ စက်ပစ္စည်းကိရိယာထုတ်လုပ်သူများ၊ ထောက်ပံ့ပို့ဆောင်ရေးကုမ္ပဏီများ၊ အအေးခန်းသိုလှောင်ရုံလုပ်ငန်း ဆောင်ရွက်သူများ၊ စီးပွားရေးလုပ်ငန်း အစပျိုးဆောင်ရွက်သူများနှင့် လက်လီရောင်းချသူများ စသည့် နိုင်ငံအသီးသီးမှ စားသောက်ကုန်လုပ်ငန်းရှင်များ ပါဝင်ပြသကြမည်ဖြစ်သည်။

နှစ်ဦးနှစ်ဖက်အကျိုး ဖြစ်ထွန်းစေမည့် အခွင့်အလမ်းများရှာဖွေနိုင်မည်ဖြစ်ပြီး နိုင်ငံအလိုက် ခေါင်းစဉ်အလိုက် ဆွေးနွေးပွဲများပါဝင်မည်ဖြစ်ကာ စီးပွားရေးလုပ်ငန်းများနှင့် သက်ဆိုင်ရာအစိုးရဌာနများအကြား တွေ့ဆုံပွဲများကိုလည်း စီစဉ်ဆောင်ရွက်ထားရှိသည်ဟုဆိုသည်။

ကမ္ဘာ့အစားအစာပြပွဲသို့ မြန်မာနိုင်ငံမှ ပါဝင်တက်ရောက်ခြင်းဖြင့် အစားအစာထုတ်လုပ် ရောင်းချသူများအနေဖြင့် အိန္ဒိယနိုင်ငံ၏ လယ်ယာစိုက်ပျိုးရေးနှင့်အစားအစာ ထုတ်လုပ်မှုကဏ္ဍဆိုင်ရာ အခွင့်အလမ်းများကို ရှာဖွေနိုင်မည်ဖြစ်ကြောင်း သိရသည်။

မိတ်ဖက်နိုင်ငံ ( Partner Country ) အဖြစ် ပါဝင်မည်ဆိုပါက အနည်းဆုံး (၄၀၀) စတုရန်းမီတာ ကျယ်ဝန်းသည့် ပြခန်းဆောင် ပါဝင်ပြသရမည်ဖြစ်ပြီး Focus Country အဖြစ် ပါဝင်ဆောင်ရွက်မည်ဆိုပါက အနည်းဆုံး (၂၀၀) စတုရန်းမီတာ ကျယ်ဝန်းသည့် ပြခန်းဆောင် ပါဝင်ပြသရမည်ဖြစ်သည်။ Partner/Focus Country အဖြစ် ပါဝင်မှုနှုန်းထားများမှာ နေရာသီးသန့်အလွတ် (Bare Space) (၁) စတုရန်းမီတာလျှင် အမေရိကန်ဒေါ်လာ (၁၅၀) နှင့် ကုန်စည်နှင့်ဝန်ဆောင်မှုဆိုင်ရာ အခွန် (GST) ၁၈% ကျသင့်မည်ဖြစ်ပြီး ပြခန်းဆောင်အကြမ်းထည်ပါဝင်သည့် (Shell Space) အတွက် (၁) စတုရန်းမီတာလျှင် အမေရိကန်ဒေါ်လာ (၁၈၀) နှင့် ကုန်စည်နှင့် ဝန်ဆောင်မှုဆိုင်ရာ အခွန် (GST) ၁၈ % ကျသင့်မည်ဖြစ်သည်။

ကမ္ဘာ့အစားအစာပြပွဲ (၂၀၂၃) သို့ ပါဝင်တက်ရောက်ရန် စိတ်ပါဝင်စားသည့် ကုန်သည်/စက်မှုအသင်းချုပ်ရှိ ညီနောင်အသင်းများနှင့်စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် ပြပွဲကျင်းပရေးဆိုင်ရာ ကော်မတီဖြစ်သည့်...

Ministry of Food Processing Industries Government of India

Mr. Jitendra Kumar. Director

Ph: 011-26496647

Email: world-foodindia@gov.in

Invest India National Investment Promotion & Facilitation Agency

Ph: 011-23048155

Email: foodprocessing@investindia.org.in သို့ ဆက်သွယ် စုံစမ်းနိုင်ပြီး

**Sponsorship နှင့် Participating အတွက်...**

Mr. Abhinav Singh, Head Food Processing & CIFTI

Ph: +91-9810160351

**Exhibition Participation အတွက်…**

Mr. Kunal Chaudhary, Deputy Director

Ph: +91-9650282444

Email: kunal.chaudhary@ficci.com

Mr. Apoorv Bhatnagar, Deputy Director

Ph: +91-9891444339

Email: apoorv.nhatnagar@ficci.com သို့ တိုက်ရိုက် စာရင်းပေးပို့နိုင်ကြောင်းသိရသည်။ ပါဝင်တက်ရောက်သူများ အနေဖြင့် မိမိတို့၏ Company Letterhead ဖြင့် တက်ရောက်မည့်သူ၏ အမည်၊ ရာထူး၊ ကုမ္ပဏီ/လုပ်ငန်း/အသင်းအဖွဲ့အမည်၊ Email Address နှင့် ဖုန်းနံပါတ်တို့ကို ကုန်သည်/စက်မှုအသင်းချုပ်၊ အသင်းသားရေးရာဌာန၊ ပြပွဲဌာနစိတ်၊ Email: itpc.umfcci@gmail.com၊ ဖုန်း၀၁-၂၃၁ ၄၃၄ (Ext: ၃၀၁) သို့ မိတ္တူပေးပို့နိုင်သည်ဟုဆိုသည်။

Source: https://www.foodindustrydirectory.com.mm/food-industry/event-exhibition/item/6884-world-food-india-2023.html

## ပို့ကုန်ပဲများအနည်းငယ်ဈေးမြင့်တက်လာသော်လည်း အရောင်းအဝယ်ခပ်အေးအေးသာရှိနေ

ဒေါ်လာဈေး၊ ယွမ်ဈေး မြင့်တက်လာမှုနှင့်အတူ ပို့ကုန်ပဲများအနည်းငယ် ဈေးမြင့်တက်လာသော်လည်း အရောင်းအဝယ် ခပ်အေးအေးသာရှိနေကြောင်း ပဲနှမ်းကုန်သည်များထံကသိရသည်။ ပြည်တွင်း ပဲ၊ နှမ်းဈေးကွက်မှာ ပို့ကုန်ပဲများ အမြင့်ဈေး အတိုင်း ဆက်လက်ရှိနေမည်ဖြစ်သော်လည်း အရောင်းအဝယ် ခပ်အေးအေးသာရှိနေသည်။

စက်တင်ဘာ ၁၂ ရက်မှ စတင်ကာ ဒေါ်လာဈေး၊ ယွမ်ဈေးများ မြင့်တက်လာတာကြောင့် ပို့ကုန်ပဲများ ဈေးမြင့်တက် လာသော်လည်း လက်ရှိမှာ အမြင့်ဈေးများဖြင့် ဈေးငြိမ်နေကြောင်း၊ လက်ကျန်နည်းလွန်းသည့် ပြည်တွင်းသုံးကုလားပဲ များမှာလည်း ဈေးမြင့်ခြင်းမရှိသော်လည်း အရောင်းသမားထုတ်ရောင်းမှသာ ဝယ်လို့ရကြောင်း မြေပဲဆန်များမှာ အသစ်ဝင်ရောက်မှုများကြောင့် ဈေးကျဆင်းနေပြီး အရောင်းအဝယ်သွက်နေကြောင်း ရွှေစင်သိန်းပွဲရုံမှ ဦးကျော်သွင်က ပြောသည်။ "စက်တင်ဘာလ ၁၂ ရက် ဝန်းကျင်က တက်လာတဲ့ ဒေါ်လာဈေး၊ ယွမ်ဈေးမြင့်တက်လာတော့ ပို့ကုန်ပဲတွေ ဈေးမြင့်တက်လာပေမယ့် ရက်ပိုင်းအတွင်း ဈေးပြန်ငြိမ်နေပါတယ်။ ပဲတီစိမ်းဈေးလည်း ကျဆင်းနေတာ ပြန်တက်မလာသေး ပါဘူး။ ပြည်တွင်းသုံး ကုလားပဲကတော့ လက်ကျန်နည်းနေတော့ ရောင်းသမားထုတ်ရောင်းမှ ဝယ်ရတာမျိုးဖြစ်နေပါတယ်။ မတ်ပဲ၊ ပဲစင်းငုံတို့ကတော့ ဈေးအမြင့်နဲ့ငြိမ်နေပါတယ်။ နှမ်းဈေးကွက်ကလည်း ဈေးငြိမ်နေပါတယ်။ မြေပဲဆန်တွေ ကတော့ အသစ် ဝင်တွေရှိသလို ဈေးမတက်ပေမယ့် အရောင်းအဝယ်သွက်နေပါတယ်"ဟု ၎င်းကပြောသည်။

စက်တင်ဘာလ ၁၅ ရက်တွင် သုံးတင်းဝင် မတ်ပဲပိဿာ ၆၀ တစ်အိတ်လျှင်ငွေကျပ် ၂၃၅၀၀၀ ပေါက်ဈေး၊ ပဲစင်းငုံပိဿာ ၆၀ တစ်အိတ်လျှင်ငွေကျပ် ၃၈၅၀၀၀ ပေါက်ဈေး ဖြစ်လာသည်။ ပဲတီ စိမ်းအညာ ၅၆ ဒသမ ၂၅ ပိဿာ တစ်အိတ်လျှင် ငွေကျပ် ၁၇၅၀၀၀ ပေါက်ဈေးဖြစ်လာသည်။ ပြည်တွင်းသုံး ကုလားပဲအုပ်စုမှာ ဈေးမြင့်တက်နေရာမှ အနည်းငယ်ပြန်လည်ကျဆင်း သွားရာ စက်တင်ဘာလ ၁၅ ရက်တွင် ကုလားပဲ V2တစ်အိတ်လျှင် ငွေကျပ် ၂၆၉၀၀၀၊ V7 တစ်အိတ်လျှင် ငွေကျပ်၂၈၁၀၀၀၊ ထိုင်ဝမ်ကုလားပဲတစ်အိတ်လျှင် ငွေကျပ် ၂၆၀၀၀၀၊ ၉၂၉ကုလားပဲတစ်အိတ်လျှင် ငွေကျပ် ၂၆၈၀၀၀ ပေါက်ဈေးဖြစ်လာသည်။

ပြည်တွင်းသုံး ပဲမာလိုင်းများမှာ ပဲကြီးတစ်အိတ်လျှင် ငွေကျပ် ၃၂၀၀၀၀၊ ပဲထောပတ်တစ် အိတ် လျှင် ငွေကျပ်၄၁၀၀၀၀၊ မြေထောက်ပဲတစ်အိတ်လျှင် ငွေကျပ် ၃၆၀၀၀၀၊ ကျွန်းစားတော်ပဲတစ်အိတ်လျှင် ငွေကျပ် ၃၈၀၀၀၀၊ ကနေဒါစားတော်ပဲ တစ်အိတ် ငွေကျပ် ၂၁၀၀၀၀၊ မြေပဲအနီလုံး ဆန်(ဝိုင်း)တစ်ပိဿာ ငွေကျပ် ၈၈၀၀ ပေါက်ဈေးရှိသည်။ နှမ်းမျိုးစုံဈေးကွက်မှာ ယခင်သီတင်းပတ်ထက် သိသိသာသာ ဈေးကျဆင်းသွားရာ နှမ်းဖြူ (ဂျပန်) ၄၅ ပိဿာတစ်အိတ်လျှင် ငွေကျပ် ၄၁၀၀၀၀၊ နှမ်းညိုတစ်အိတ်လျှင် ငွေကျပ် ၃၀၅၀၀၀၊ နှမ်းနက်စမုံ တစ်အိတ်လျှင် ငွေကျပ် ၃၄၅၀၀၀ ပေါက်ဈေးရှိကြောင်း သိရသည်။

**Source: မကွေးဂျာနယ်**

## လွယ်ဂျယ်နှင့်ကံပိုင်တည်နယ်စပ်ကုန်သွယ်ရေးစခန်းများမှ မြန်မာ-တရုတ် နှစ်နိုင်ငံကုန်သွယ်မှုအခြေအနေ

ကချင်ပြည်နယ်တွင် လွယ်ဂျယ်နှင့်ကံပိုင်တည်နယ်စပ်ကုန်သွယ်ရေးစခန်းများမှ မြန်မာ-တရုတ် နှစ်နိုင်ငံကုန်သွယ်မှုများ ရှိခဲ့ရာ ၂၀၂၃ ခုနှစ်၊ စက်တင်ဘာလ ၉ ရက်မှ ၁၅ ရက်နေ့များအတွင်း တင်ပို့ခဲ့သော ပို့ကုန်၏ငွေပမာဏစုစုပေါင်းတန်ဖိုးမှာ ၅၈၀၆၈၅.၈၁၀ ကန်ဒေါ်လာ တင်ပို့မှုရှိခဲ့ပြီး၊ သွင်းကုန်၏ စုစုပေါင်းငွေပမာဏတန်ဖိုးမှာ ၅၀၁၂၇၂.၄၇၀ ကန်ဒေါ်လာ တင်သွင်းမှု ရှိခဲ့ပါသည်။

တင်ပို့ခဲ့သည့် ကုန်ပစ္စည်းများမှာ တစ်သျှူးငှက်ပျော၊ ဆန်၊ ပြောင်းနှင့်ရော်ဘာများ တင်ပို့ခဲ့ကြောင်း သိရှိရပါသည်။ လွယ်ဂျယ်နယ်စပ်ကုန်သွယ်ရေးစခန်းမှ တရုတ်နိုင်ငံသို့ တင်ပို့ကုန်၏ ငွေပမာဏသည် ၂၅၃၀၈၆.၀၉၀ ကန်ဒေါ်လာဖြစ်ပြီး၊ ကံပိုင်တည်နယ်စပ်ကုန်သွယ်ရေးစခန်းမှ တရုတ်နိုင်ငံသို့ တင်ပို့ကုန်၏ ငွေပမာဏတန်ဖိုးမှာ ၃၂၇၅၉၉.၇၂၀ ဒေါ်လာ တင်ပို့မှုရှိခဲ့ ပါသည်။

သွင်းကုန်ပစ္စည်းများမှာ ချည်ထည်များ၊ ပလပ်စတစ်ကုန်ကြမ်းပစ္စည်းများ၊ မီးဖိုချောင်သုံးပစ္စည်းများ၊ ဆေးဝါးပစ္စည်းများ၊ လူသုံးအခြားပစ္စည်းများ၊ စက်နှင့်စက်ပစ္စည်းများ၊ သားရေ/သားရေတုဖြင့် ပြုလုပ်သောပစ္စည်းများ၊ မော်တော်ယာဉ်နှင့် မော်တော်ယာဉ်ပစ္စည်းများ၊ ပိုတက်ဆီယမ် ဓါတ်မြေသြဇာ၊ ပလပ်စတစ်ပိုက်၊ သံပိုက်၊ ပန်းသီးနှင့် မြက်ခင်းတုများ တင်သွင်းမှုရှိခဲ့ပါသည်။

ကံပိုင်တည်နယ်စပ်ကုန်သွယ်ရေးစခန်းမှ မြန်မာနိုင်ငံသို့ အမှန်တင်သွင်းကုန်၏ ငွေပမာဏမှာ ကန်ဒေါ်လာ ၁၃၈၆၀၉.၇၃၀ တင်သွင်းမှုရှိခဲ့ပြီး၊ လွယ်ဂျယ်နယ်စပ်ကုန်သွယ်ရေးစခန်းမှ မြန်မာနိုင်ငံသို့ အမှန်တင်သွင်းကုန်၏ ငွေပမာဏတန်ဖိုးမှာ ကန်ဒေါ်လာ ၃၆၂၆၆၂.၇၄၀ တင်သွင်းမှု ရှိခဲ့ပါသည်။

မြန်မာကျပ်ငွေနှင့်တရုတ်ယွမ်ငွေလဲနှုန်းမှာ မြန်မာငွေ ၁ ကျပ် လျှင် တရုတ်ငွေ ၀.၃၄၈ ယွမ်ရှိပြီး၊ တရုတ်ငွေ ၁ ယွမ်လျှင် မြန်မာကျပ်ငွေ ၂၈၇.၃၅ ကျပ်ရှိကြောင်းသိရှိရပါသည်။

**Source: ကချင်ပြည်နယ်ဦးစီးမှူးရုံး**

## ကချင်ပြည်နယ်၏ မြန်မာ-တရုတ် နှစ်နိုင်ငံကုန်သွယ်မှု တစ်ပတ်အတွင်းနှိုင်းယှဉ်မှု

ကချင်ပြည်နယ်တွင် လွယ်ဂျယ်နှင့်ကံပိုင်တည်နယ်စပ်ကုန်သွယ်ရေးစခန်းများမှ မြန်မာ-တရုတ် နှစ်နိုင်ငံကုန်သွယ်မှုများ ရှိခဲ့ရာ ၂၀၂၃ ခုနှစ်၊ စက်တင်ဘာလ ၉ ရက်မှ ၁၅ ရက်နေ့အတွင်း ကံပိုင်တည်နယ်စပ်ကုန်သွယ်ရေးစခန်းနှင့် လွယ်ဂျယ်နယ်စပ်ကုန်သွယ်ရေးစခန်းမှ တင်ပို့ခဲ့သည့် ကုန်ပစ္စည်းများအနေဖြင့် တစ်သျှူးငှက်ပျော၊ ဆန်၊ ပြောင်းနှင့် ရော်ဘာများ တင်ပို့ခဲ့ပြီး ပို့ကုန်၏စုစုပေါင်းငွေပမာဏမှာ ၅၈၀၆၈၅.၈၁၀ ကန်ဒေါ်လာ တင်ပို့ခဲ့ရာ ယခင်အပတ် ၂၀၂၃ ခုနှစ်၊ စက်တင်ဘာလ ၂ ရက်မှ ၈ ရက်နေ့ ရက်နေ့ထိ တင်ပို့ကုန်၏ ငွေပမာဏ ၄၄၅၄၇၇.၈၃၀ ကန်ဒေါ်လာနှင့် ကာလတူတင်ပို့ကုန်၏ ငွေပမာဏ နှိုင်းယှဉ်ပါက ၁၃၅၂၀၇.၉၈၀ ကန်ဒေါ်လာ တန်ဖိုးပိုမို၍ တင်ပို့မှုရှိခဲ့သည်ကို တွေ့ရပါသည်။

သွင်းကုန်ပစ္စည်းများအနေဖြင့် ၂၀၂၃ ခုနှစ်၊ စက်တင်ဘာလ ၉ ရက်မှ ၁၅ ရက်နေ့အတွင်း ချည်ထည်များ၊ ပလပ်စတစ်ကုန်ကြမ်းပစ္စည်းများ၊ မီးဖိုချောင်သုံးပစ္စည်းများ၊ ဆေးဝါးပစ္စည်းများ၊ လူသုံးအခြားပစ္စည်းများ၊ စက်နှင့်စက်ပစ္စည်းများ၊ သားရေ/သားရေတုဖြင့် ပြုလုပ်သောပစ္စည်းများ၊ မော်တော်ယာဉ်နှင့် မော်တော်ယာဉ်ပစ္စည်းများ၊ ပိုတက်ဆီယမ်ဓါတ်မြေသြဇာ၊ ပလပ်စတစ်ပိုက်၊ သံပိုက်၊ ပန်းသီးနှင့်မြက်ခင်းတုများ တင်သွင်းခဲ့ပြီး သွင်းကုန်၏ ငွေပမာဏတန်ဖိုးမှာ ၅၀၁၂၇၂.၄၇၀ ကန်ဒေါ်လာ တင်သွင်းခဲ့ရာ ယခင်အပတ် ၂၀၂၃ ခုနှစ်၊ စက်တင်ဘာလ ၂ ရက်မှ ၈ ရက်နေ့ထိ တင်သွင်းကုန်၏ ငွေပမာဏ တန်ဖိုး ၁၄၈၀၁၆.၇၇၀ ကန်ဒေါ်လာနှင့် ကာလတူတင်သွင်းကုန်၏ ငွေပမာဏနှိုင်းယှဉ်ပါက ၃၅၃၂၅၅.၇၀၀ ကန်ဒေါ်လာ တန်ဖိုး ပိုမို၍ တင်သွင်းခဲ့သည်ကို တွေ့ရပါသည်။

တင်ပို့ကုန်နှင့်တင်သွင်းကုန်တို့၏ ငွေပမာဏများအားနှိုင်းယှဉ်ကြည့်ရာ တင်ပို့ကုန်၏ငွေပမာဏမှာ ၇၉၄၁၃.၃၄၀ ကန်ဒေါ်လာတန်ဖိုး ပိုမို၍ကုန်သွယ်မှုပြုခဲ့ကြောင်း ကုန်သွယ်မှုစာရင်းများအရ တွေ့ရပါသည်။ ငွေလဲနှုန်းများမှာ တရုတ်ငွေ ၁ ယွမ်လျှင် မြန်မာကျပ်ငွေ ၂၈၇.၃၅ ကျပ်ရှိကြောင်းသိရှိရပါသည်။

**Source: ကချင်ပြည်နယ်ဦးစီးမှူးရုံး**

## ကြက်သွန်နီ ဈေးအနည်းငယ် ပြန်တက်လာ




ပြည်ပ ဝယ်လိုအားလျော့ကျခဲ့ခြင်းကြောင့် တစ်ပတ်ခန့် အရောင်းအဝယ်အေးနေပြီး ဈေးကျနေသောကြက်သွန်နီ ယခုနှစ်တစ်ပတ်အတွင်း ပြန်တက်လာကြောင်း ကြက်သွန်နီ ရောင်းဝယ်ရေးနှင့် ကုန်သည်များထံမှ သတင်းရရှိသည်။

တရုတ် ၊ အိန္ဒိယ ၊ ဘင်္ဂလားဒေ့ရှ်နှင့်ဗီယက်နမ်နိုင်ငံများမှ မှာယူမှုများနေသောကြောင့် ဩဂုတ်လနောက်ဆုံးအပတ်တွင် ကြက်သွန်နီတစ်ပိဿာလျှင် ၃၇၀၀ ကျပ် ဈေးမြောက်ခဲ့ရာမှ စက်တင်ဘာလ ပထမအပတ်တွင် ကြက်သွန်နီတစ်ပိဿာ ၂၉၅၀ ကျပ်အထိ ဈေးကျဆင်းခဲ့ခြင်းဖြစ်သည်။

စက်တင်ဘာ ၁၅ ရက်နေ့ ဘုရင့်နောင်ကုန်စည်ဒိုင်တွင် ဆယ်ဘီးကားအစီးရေ ၁၁ စီးခန့်ဝင်ရောက်ပြီး ယခင်ရက်များထက် အဝင်နည်းကား ကြက်သွန်နီတစ်ပိဿာ ၂၉၅၀ ကျပ်မှ ၃၁၀၀ ကျပ်အထိ ဈေးမြောက်ခဲ့ကြောင်း ဘုရင့်နောင်ကုန်စည်ဒိုင်သတင်းထုတ်ပြန်ရေးအဖွဲ့မှ သတင်းရရှိသည်။

မန္တလေးကုန်စည်ဈေးကွက်တွင် ကြက်သွန်နီလက်လီဈေးမှာ တစ်ပိဿာလျှင် ၃၃၀၀ ကျပ်မှ ၃၆၀၀ ကျပ်အထိ ဈေးပေါက်ပြီး လက္ကားကြက်သွန်နီ ပစ္စည်းအမျိုးအစားပေါ်မူတည်၍ တစ်ပိဿာလျှင် ၃၂၀၀ ကျပ်မှ ၃၃၀၀ကျပ် အထိ ဈေးပေါက်ကြောင်း၊ ဂျွန်ကြက်သွန်နီ အသေး၊ အကြီးရော တောဈေးမှာ တစ်ပိဿာလျှင် ၂၆၀၀ ကျပ် ပေါက်ကြောင်း သိရှိရသည်။

“ပြီးခဲ့တဲ့အပတ်ကတည်းက ၅၀ ကျလိုက် ၊ ၁၀၀ ကျလိုက်နဲ့ ဈေးဆက်တိုက်ကျလာတာ။ အခု ပြန်တက်လာပါတယ်။ ပြည်ပဝယ်လိုအားရှိလာလို့ ပြန်တက်လာတယ်ထင်ပါတယ်”ဟု မန္တလေးမြို့မှ ကြက်သွန်နီကုန်သည် ကိုမင်းမင်းဆွေက ပြောသည်။

မုံရွာကြက်သွန်နီဈေးကွက်တွင် တောင်သူကောက်ဈေးမှာ တစ်ပိဿာလျှင် ၂၅၀၀ကျပ်မှ ၂၆၀၀ကျပ်ရှိပြီးရန်ကုန်ဈေးတက်လာခြင်းကြောင့် တစ်ပိဿာလျှင် ၂၀၀ ကျပ်ခန့် ပြန်တက်လာကြောင်း ၊ယခင်က ကြက်သွန်နီပေါက်ဈေးမှာ တစ်ပိဿာလျှင် ၂၄၀၀ ခန့်သာ ဈေးပေါက်ကြောင်း မုံရွာမြို့မှ ကြက်သွန်နီကုန်သည် ဦးကိုကိုနိုင်ကပြောသည်။ တစ်ရက်၊ နှစ်ရက်အတွင်း ပြန်တက်လာတာပါ။ မုံရွာမှာတော့ ပိတောက်ပွင့် ၊ ရွှေဖလားနဲ့ ထိပ်မောက်တွေ အစိုက်များကြ ပါတယ်။ မြဝတီ၊ ရန်ကုန် ၊ မော်လမြိုင် ပို့မယ့်သူတွေတော့ တောနယ်အထိ ဆင်းဝယ်ကြပါတယ်”ဟု ဦးကိုကိုနိုင်ကပြောသည်။

မြင်းခြံကုန်စည်ဒိုင်တွင် ကြက်သွန်နီတစ်ပိဿာ အမြင့်ဆုံးဈေးမှာ ၂၂၀၀ ကျပ် မှ ၂၇၅၀ ကျပ်အထိရှိပြီး၊ ကုန်ချိန် ၂ သောင်းခန့်ဝင်ကြောင်း ၊ ရန်ကုန်သို့အဝင်နည်းသွားကြောင်း ကြက်သွန်နီများ ဈေးပြန်တက်လာကြောင်း၊ ဈေးပြန်တက်လာသော်လည်း တစ်ပိဿာလျှင် တောင်သူပေါက်ဈေး ၃၀၀၀ ကျပ်အထိရရှိဖူးသဖြင့် တောင်သူများ တက်ဈေးစောင့်နေသောကြောင့် လာမရောင်းကြကြောင်း မြင်းခြံကုန်စည်ဒိုင်မှ သတင်းရရှိသည်။

ပခုက္ကူကြက်သွန်နီဈေးကွက်တွင် ကုန်ချိန် ၃၇၀၀ ပိဿာခန့်ဝင်ရောက်ပြီး တစ်ပိဿာလျှင် ၂၇၂၅ ကျပ်မှ ၂၈၅၀ ကျပ်အထိ ဈေးတက်လာကြောင်းသတင်းရရှိသည်။

ကြက်သွန်ဖြူ မန္တလေးဈေးကွက်တွင် ကြက်သွန်ဖြူတစ်ပိဿာ တစ်သောင်းကျပ်ရှိပြီး ရန်ကုန်မြို့ဈေးကွက်တွင် နယ်မှ ကြက်သွန်ဖြူ ပိဿာ ၂၁၀၀၀ အထိဝင်ပြီး ကြက်သွန်ဖြူ ကြူကုတ်တစ်ပိဿာ ၇၄၀၀ ကျပ်မှ ၇၅၀၀ကျပ် ၊ အောင်ပန်းထူး ရှယ် ၇၆၀၀ ကျပ်မှ ၈၈၀၀ ကျပ်အထိရှိကြောင်း သိရှိရသည်။

အောင်ပန်းမြို့ ကုန်စည်ဈေးကွက်တွင် ကြက်သွန်ဖြူတစ်ပိဿာ ၈၀၀၀ ကျပ်မှ ၈၂၀၀ ကျပ်အထိ ဈေးပေါက်ပြီး အောင်ပန်းထူးရှယ်မှာ ၇၂၀၀ ကျပ်မှ ၉၀၀၀ ကျပ်အထိဈေးပေါက်ကာ ပြီးခဲ့သည့်အပတ်နှင့်နှိုင်းယှဉ်ပါက တစ်ပိဿာလျှင် ၂၀၀ ကျပ်ကျဆင်းကြောင်း သိရှိရသည်။

ကြူကုတ်ကတော့ တရုတ်က သွင်းတာ ၊ သိပ်မကျဘူး။ ရှမ်းပြည်တောင်ပိုင်းထွက် ကြက်သွန်ဖြူတွေလည်း ဒီအတိုင်းပဲ ထင်သလောက်မကျပါဘူး။ တစ်ပိဿာ ၂၀၀ ကျပ် ၃၀၀ ကျပ်လောက်ပဲကျတယ်”ဟု အောင်ပန်းကုန်စည်ရောင်းဝယ်ရေး တာဝန်ရှိသူတစ်ဦးက ပြောသည်။

ပြည်တွင်း ကြက်သွန်ဖြူဈေးကွက်တွင် တစ်ပတ်အတွင်း ကြက်သွန်ဖြူဈေး၂၀၀ ကျပ် ၃၀၀ ကျပ်အကြား ဈေးကျသော်လည်း လက်လီဈေးကွက်တွင် ထင်သလောက်မကျဘဲ ကြက်သွန်ဖြူတစ်ပိဿာလျှင် ၁၃၀၀ ကျပ်မှ ၁၂၀၀ ကျပ် အမျိုးမျိုးရှိကြောင်း သိရသည်။

မြန်မာပြည်တွင် ကြက်သွန်နီ စိုက်ဧက ၁ ဒသမ ၇ သိန်းကျော်စိုက်ပျိုးပြီး နှစ်စဉ်တန်ချိန် တစ်သန်းကျော်ထွက်ရှိပေမဲ့ ပြည်ပတင်ပို့နိုင်မှုမှာ တစ်နှစ်လျှင် တန်ချိန် တစ်သိန်းဝန်းကျင်ခန့်သာရှိပြီး ကြက်သွန်နီဈေးနှုန်းသည် ပြည်ပတင်ပို့နိုင်မှုအပေါ် မူတည်ပြီး ဈေးနှုန်းအပြောင်းလဲဖြစ်ပေါ်လျှက်ရှိသည်။

**Source: AMIA**

**Myanma Awba**

## တရုတ်နိုင်ငံသို့ ဘိန်းအစားထိုးကုန်စည်ဖြစ်တဲ့ မြန်မာ့ပြောင်းတန်ချိန် ၄ သောင်းမှ ၆ သောင်းဝန်းကျင် တင်ပို့မယ်




မြန်မာနိုင်ငံရဲ့ ဘိန်းအစားထိုး ကုန်စည်ဖြစ်တဲ့ ပြောင်းတန်ချိန် ၄၀,၀၀၀ မှ ၆၀,၀၀၀ ဝန်းကျင်အထိကို တရုတ်နိုင်ငံမှ ဝယ်ယူလျက်ရှိတယ်လို့ မြန်မာနိုင်ငံပြောင်းလုပ်ငန်းရှင်များအသင်းမှ သိရပါတယ်။

ဝယ်ယူတဲ့ပြောင်းများကို ယခုလာမယ့် အောက်တိုဘာလမှာ တင်ပို့သွားဖို့ရှိပြီး အဓိကအနေဖြင့် ရှမ်းပြည်နယ်အတွင်းမှ ထွက်ရှိတဲ့ပြောင်းများကို တင်ပို့သွားမှာပဲဖြစ်တယ်လို့ မြန်မာနိုင်ငံပြောင်းလုပ်ငန်းရှင်များအသင်း တာဝန်ရှိသူက ပြောပါတယ်။

တရုတ်နိုင်ငံကိုလည်း Normal Trade က တင်ပို့ဖို့ ကြိုးစားနေတယ် ပေါ့နော်။ ဒါကလည်းတစ်ချက်ပေါ့၊ Border trade ဘက်မှာဆိုရင် ဘာရှိလည်းဆိုတော့ ၉ လပိုင်းကုန်တာနဲ့ တရုတ်နိုင်ငံဘက်ကနေပြီးတော့ သူနဲ့ နယ်မြေခြင်းထိစပ်တဲ့ ရှမ်းတောင်၊ ရှမ်းမြောက်၊ ရှမ်းအရှေ့ပေါ့နော်၊ ရှမ်းပြည်နယ်မှာထွက်တဲ့ ဒေသထွက်ပြောင်းတွေကို ဘိန်းအစားထိုးကုန်စည်အဖြစ်ပြန်ဝယ်တာရှိတယ်။ နှစ်စဉ်တန်ချိန် လေးသောင်းကနေပြီးတော့ ခြောက်သောင်းကြား ပြန်ဝယ်တယ်။ ဒါက ကန့်သတ်တဲ့ပမာဏပေါ့။ Quota ပေးပြီးပြန်ဝယ်တာလည်းရှိတယ်။ အဲဒါတွေကို ဒီလကုန်တင်ပို့တော့မယ်လို့ မြန်မာနိုင်ငံပြောင်းလုပ်ငန်းရှင်များအသင်း တာဝန်ရှိသူကပြောပါတယ်။

ဒီအပြင် တရုတ်-မြန်မာ နှစ်နိုင်ငံသဘောတူညီချက် GACC စနစ်အရ တင်ပို့ဖို့လည်းဆောင်ရွက်နေပြီး ၂၀၂၂ ခုနှစ်မှာ GACC တင်ပို့ခွင့်ရကုမ္ပဏီ ၁၀၆ ခုရှိတယ်လို့လည်းသိရပါတယ်။ အဓိကအားဖြင့် နှစ်စဉ်ထွက်ရှိတဲ့ ပြောင်းများဟာ အိမ်နီးနားချင်းနိုင်ငံများတွင် ဈေးကွက်ခိုင်မာစွာရရှိထားပြီး နောင်နှစ်ပေါင်း သုံးလေးငါးနှစ်အထိ ဒေသတွင်းနိုင်ငံများရဲ့ ပြောင်းလိုအပ်ချက်များကြောင့် လက်ရှိအတိုင်းရှိနေဦးမှာဖြစ်တယ်လို့ သိရပါတယ်။

ဒီအပြင် ဈေးကွက်တည်မြဲစေဖို့ တောင်သူ၊ ကုန်သည်၊ တင်ပို့ရောင်းချသူအားလုံးဟာ သတ်မှတ်စည်းကမ်းများ အတိုင်းလိုက်နာပြီး မိမိတို့နိုင်ငံကထွက်ရှိတဲ့ပြောင်းကို အရည်အသွေးအဆင့်မီပြောင်းများအဖြစ် ထုတ်လုပ်သူမှ စနစ်တကျထုတ်လုပ်၊ တင်ပို့ရောင်းချသူမှလည်း စနစ်တကျ တင်ပို့ရောင်းချရန်လိုတယ်လို့ သိရပါတယ်။

အခုဘဏ္ဍာနှစ်အတွင်း မြန်မာနိုင်ငံမှထွက်ရှိတဲ့ပြောင်းတန်ချိန် တစ်သန်းခွဲဝန်းကျင်ကို ပြည်ပသို့တင်ပို့ထားပြီးဖြစ်သလို၊ မြန်မာ့ဒေသထွက်ပြောင်းကို ထိုင်းနိုင်ငံသို့ တင်ပို့ရောင်းချနေပြီး လက်ရှိမှာ ပင်လယ်ရေကြောင်းမှတဆင့် အိန္ဒိယ၊ ဗီယက်နမ်စတဲ့နိုင်ငံများကို တင်ပို့နေတယ်လို့ သိရပါတယ်။

မြန်မာနိုင်ငံအနေနဲ့ ဘိန်းအစားထိုးသီးနှံအဖြစ် ရှမ်းပြည်နယ်မှာ လက်ဖက်၊ ကြံ၊ ထောပတ်သီးပင်နဲ့ပြောင်းအပါအဝင် အခြားအစားထိုး နှစ်ရှည်သီးပင်များကိုစိုက်ပျိုးကာ ပြည်ပဈေးကွက်သို့ တင်ပို့နေတယ်လို့ သိရပါတယ်။

**MFN မှကူးယူဖော်ပြပါသည်။**

https://t.me/htwettoe

## ပြည်ပသို့ဆန်တင်ပို့မှု ယခုနှစ်တွင် ဆန်တန်ချိန် ငါးသိန်းခန့်လျော့နည်း

ပြည်ပသို့ဆန်တင်ပို့မှု ပြီးခဲ့သည့်ဘဏ္ဍာနှစ်နှင့်နှိုင်းယှဉ်ပါက ဆန်တန်ချိန်ငါးသိန်းခန့်လျော့နည်းသွားကြောင်း မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်ထံမှသိရသည်။

၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်မှာ ဧပြီ၊ မေ၊ ဇွန်၊ ဇူလိုင်၊ ဩဂုတ် ငါးလပြီးသွားပြီ။ ဒီငါးလအတွင်းမှာ ပြည်ပတင်ပို့မှုက တန်ချိန်လေးသိန်းနီးပါးလောက်ရှိတာပေါ့။ မနှစ်ကနဲ့နှိုင်းယှဉ်ရင် တန်ချိန်ငါးသိန်းလောက်နည်းနေတယ်ဟု မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်မှ တာဝန်ရှိသူတစ်ဦးက စံတော်ချိန်ဒစ်ဂျစ်တယ်သို့ပြောသည်။

ယခု စက်တင်ဘာအတွင်း ပြည်ပသို့ဆန်တန်ချိန် တစ်သိန်းခန့်တင်ပို့ရန်စီစဉ်ထားပြီး နှစ်စဉ်ဆန်တန်ချိန် နှစ်သန်းနှင့်နှစ်သန်းကျော်တင်ပို့လျက်ရှိကြောင်း၊ ယခုဘဏ္ဍာနှစ်တွင်လည်း ဆန်တန်ချိန် နှစ်သန်းနှင့်နှစ်သန်းခွဲထိ တင်ပို့မည်ဟုခန့်မှန်းထားကြောင်း မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်ထံမှ သိရသည်။

ပြည်တွင်းအဓိကစားသုံးဆန်များဖြစ်သည့် ရွှေဘိုပေါ်ဆန်း၊ ဧရာဝတီပေါ်ဆန်းနှင့် ပေါ်ဆန်းအုပ်စုများ၊ ဧရာမင်း၊ ဧရာပဒေသာ၊ အညာသား၊ ပခန်းစသော ပြည်တွင်းစားဆန် အမျိုးအစားများအား ပြည်တွင်းဈေးကွက်အတွက်သာ ဦးစားပေးဖြန့်ဖြူးရောင်းချလျက်ရှိကြောင်း မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်ထံမှသိရသည်။

ညှော်မထအုပ်စုဆန်များ၊ ကရင်မ၊ ထွန်းပု၊ ငစိန်စသော ဆန်များ၊ ပေါင်းဆန်များကိုသာ အဓိကပြည်ပတင်ပို့လျက်ရှိပြီး၊ ဆန်ပြည်ပတင်ပို့မှုကို ရပ်နားထားခြင်းမရှိဘဲ ပြည်ပတင်ပို့ရန်ဆန်စုဆောင်းမှု ၁၀၀ ရာခိုင်နှုန်း (Cargo Readiness 100%) ရှိသည့်ကုမ္ပဏီများကို (Pre Shipment Inspection) စိစစ်ပြီး ပို့ကုန်လိုင်စင် ထုတ်ပေးခြင်းကို ဆက်လက်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

မြန်မာနိုင်ငံမှ ဆန်တင်ပို့မှုအများဆုံးနိုင်ငံများမှာ ဥရောပနိုင်ငံများဖြစ်ပြီး၊ တရုတ်နိုင်ငံအား ဒုတိယအများဆုံး တင်ပို့ကြောင်း၊ ဖိလစ်ပိုင်နှင့်ဒေသတွင်းနိုင်ငံများသို့လည်း တင်ပို့လျက်ရှိကြောင်းသိရသည်။

Source: https://t.me/sdtimedaily

## STOCK EXCHANGE (19.9.2023)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Stock trading data

### Stock trading data

As of 18th Sep. 2023

**Total Trading** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 20,192 (Shares) | 35,232,600 (MMK) |

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 8,900 | +0 | +0.00% | 8,900 | 8,900 | 8,900 | 0 | 0 | 33,109,694 | 294,676 |
| MTSH | 00002 | 3,050 | -50 | -1.61% | 3,050 | 3,100 | 3,050 | 645 | 1,967,500 | 38,929,150 | 118,734 |
| MCB | 00003 | 7,500 | +0 | +0.00% | 7,500 | 7,500 | 7,500 | 0 | 0 | 10,400,986 | 78,007 |
| FPB | 00004 | 1,700 | +0 | +0.00% | 1,700 | 1,700 | 1,650 | 19,034 | 32,357,300 | 29,664,613 | 50,430 |
| TMH | 00005 | 2,350 | +0 | +0.00% | 2,350 | 2,350 | 2,350 | 0 | 0 | 12,823,224 | 30,135 |
| EFR | 00006 | 2,200 | +0 | +0.00% | 2,200 | 2,200 | 2,200 | 8 | 17,600 | 19,977,223 | 43,950 |
| AMATA | 00007 | 4,900 | +0 | +0.00% | 4,900 | 4,900 | 4,900 | 2 | 9,800 | 10,497,598 | 51,438 |
| MAEX | 00008 | 1,800 | +50 | +2.86% | 1,750 | 1,800 | 1,750 | 503 | 880,400 | 23,804,946 | 42,849 |

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Market summary


## Market summary

As of 18th Sep. 2023

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 376.54 | -0.40 | -0.11% | 375.91 | 377.57 | 375.91 | 20,192 | 35,232,600 | 8 | 710,219 |

### Index chart




YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

We are the first-ever modern stock exc Quick link Notice Disclosure

## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of 18th Sep. 2023

| Trading Volume | Trading Value |
|---|---|
| 20,192 (Shares) | 35,232,600 (MMK) |

### Main Board

As of 1:00 pm, 18th Sep. 2023

**Total Trading (MB)** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 20,192 (Shares) | 35,232,600 (MMK) |

| MYANPIX | 376.54 ▼ 0.40 |
|---|---|
| Total Volume (shares) | 20,192 |
| Total Value (MMK) | 35 mil |
| Listed Company | 8 |
| Market Cap. (MMK) | 710,219 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 8,900 | ▲ 0 |
| MTSH | 00002 | 3,050 | ▼ 50 |
| MCB | 00003 | 7,500 | ▲ 0 |
| FPB | 00004 | 1,700 | ▲ 0 |
| TMH | 00005 | 2,350 | ▲ 0 |
| EFR | 00006 | 2,200 | ▲ 0 |
| AMATA | 00007 | 4,900 | ▲ 0 |
| MAEX | 00008 | 1,800 | ▲ 50 |